"ဆင်းရဲနွမ်းပါးမှုလျော့ချရေး"

# နယ်စပ်ခရီးသွားလုပ်ငန်းဖြင့် တိုင်(ရှမ်း)တိုင်းရင်းသားကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာ

နေ့ခင်းအချိန်နေရောင်ခြည်သည် ကမ္ဘာမြေပေါ်သို့နွေးထွေးစွာကျရောက်နေသည်။ မိုင်းကျင်လှကျေးရွာ ရွာတွင်းရွာပြင်တွင် ခရီးသွားများဖြင့်စည်ကားနေသည်။ ယုကွမ်ခန်တစ်အိမ်လုံးသည် စိတ်လှုပ်ရှားစွာအလုပ်များနေကြသည်။ သင်းပျံ့သောရနံ့များသည်စားဖိုဆောင်ထဲမှပျံ့လွင့်လာသည်။ ကြိုတင်စာရင်းပေးထားပြီးဖြစ်သော ခရီးသည်(၁၂၀)ဦးသည် သူတို့အိမ်သို့ တိုင်တိုင်းရင်းသားရိုးရာဟင်းလျာများကို လာရောက်သုံးဆောင်ကြမည်ဖြစ်သောကြောင့်ဖြစ်သည်။

တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ဒေသတွင်တည်ရှိသော ယူနန်ပြည်နယ်မိုင်းဟိုင်ခရိုင် တာလော့မြို့ မိုင်းကျင်လှကျေးရွာသည် စံပြရိုးရာတိုင်(ရှမ်း)တိုင်းရင်းသားကျေးရွာတစ်ရွာဖြစ်သည်။ မြန်မာနိုင်ငံနှင့်မြစ်တစ်သွယ်သာခြားကာ လှမ်းမြင်နေရသည်။ နယ်နိမိတ်အမှတ်အသားမိုင်တိုင်နှင့်အလွန်နီးသောကြောင့် "တရုတ်မြန်မာပထမရွာ"ဟု လည်းခေါ်တွင်ခြင်းခံရပါသည်။



ပြည်ပတံခါးဖွင့်ဝါဒကို လက်တွေ့ကျင့်သုံးပြီးနောက် တာလော့သို့နယ်စပ်ဒေသနေထိုင်မှုပုံစံများကို လေ့လာခံစားကြရန် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်အများအပြားကို ဆွဲဆောင်နေပါသည်။ နယ်စပ်ဒေသရှေ့တန်းတွင်ရှိသော ဝေးလံခေါင်းပါးသည့် ကျေးရွာအတွင်းရှိ ရွာသူရွာသားများ၏ လူနေမှုဘဝမြှင့်တင်နိုင်ရန်အတွက်ဒေသခံအစိုးရသည် နယ်စပ်ဒေသ ကျေးရွာအပန်းဖြေခရီးသွားစီမံကိန်းကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်ခြင်းဖြင့်ယူနန်ရွှေဒေါင်းခရီးသွားအဖွဲ့ကုမ္ပဏီလီမိတက်ကို ဆွဲဆောင်လာပြီး "ကျေးရွာ+လုပ်ငန်းရှင်+တောင်သူလယ်သမား-" စသည့် ကျေးရွာလုပ်ငန်းရှင်များအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုစနစ်မှတစ်ဆင့် ရွာသူရွာသားများကို လုပ်ငန်း၏နေ့စဉ်လည်ပတ်အုပ်ချုပ်မှုတွင် ပါဝင်လာအောင်ဖန်တီးစေခဲ့ပြီး အကျိုးအမြတ်ကိုအတူမျှဝေခံစားနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယခုလက်ရှိအချိန်တွင်မိုင်းကျင်လှမှရွာသူရွာသားများသည်နှစ်စဉ် ဗုန်ဝင်ကြေးအမြတ်ဝေစုနှင့်မြေငှားရမ်းခ တရုတ်ယွမ်ငွေ(၂)သန်းရရှိသည်။ ရှုခင်းသာအုပ်ချုပ်ရေးကုမ္ပဏီတွင် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး(၁)ဦးအလုပ်ဆင်းနေကြသည်။ လူတစ်ဦးချင်းစီ၏နှစ်စဉ်လုပ်အားခသည် တရုတ်ယွမ်ငွေ(၄.၅၇)သောင်းရရှိသည်။ ရှုခင်းသာဇုန်တွင်ဈေးဆိုင်ခန်းလေးများကို တည်ဆောက်ပေးထားပြီး ရွာသူရွာသားများအတွက် ဆိုင်ခန်းများကို အခမဲ့ခင်းကျင်းခွင့်ပေးထားသည်။ ရွာသူရွာသားများသည် မိမိမြေယာမှ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် အထူးကုန်ပစ္စည်းများကို ရောင်းချနိုင်သည်။ ထို့အပြင် ရှုခင်းသာဒေသတွင် လယ်တောအစားအသောက်များရောင်းချသောဆိုင်(၁၀)ဆိုင်ကျော်ရှိသည်။ အားလုံးကို ရွာသူရွာသားများက အုပ်ချုပ်နေကြပြီးရှုခင်းသာမှတာဝန်ရှိသူက စနစ်တကျ အုပ်ချုပ်ညွှန်ကြားပေးသည်။

ယခုလက်ရှိမိုင်းကျင်လှရွာတွင် နှစ်ရှည်အပင်များစွာ မိုးမျှော်နေသည်ထိရှိနေသည်။ ပန်းမန်များစွာဖူးပွင့်နေသည်။ မျက်စိအေးစေသော အစိမ်းရောင်ရှုခင်းများသည် မျက်ဝန်းတဆုံးပျံ့နှံ့နေသည်။ များစွာသောတိုင်(ရှမ်း)တိုင်းရင်းသားယဉ်ကျေးမှုများကို ပေါ်လွင်စေရန်အတွက် ကုမ္ပဏီသည် ကျေးရွာရှုခင်းသာလမ်းတစ်လျှောက်တွင်ရှိသော ရွာသူရွာသားများ၏အောက်ထပ်နေအိမ်ကို ငှားရမ်းထားပြီး အိမ်ကိုပြုပြင်မွမ်းမံခြင်းများလုပ်ဆောင်ပေးခြင်း၊ ဇာတ်စင်များစသည့် အခြေခံအဆောက်အဦးများကို ပြီးပြည့်စုံအောင်တည်ဆောက်ပေးသည်။ တိုင်(ရှမ်းတိုင်းရင်းသားရိုးရာနည်းပညာကျွမ်းကျင်ပညာရှင်များကိုဖိတ်ခေါ်ပြီး ပိတ်စအရောင်ဆိုးခြင်း၊ သကြားလုံးကြိတ်ခြင်း၊ နှီးယက်ခြင်း၊ ပန်းပဲထုခြင်း၊ အရက်နှပ်ခြင်း၊ မီးပန်းပြုလုပ်ခြင်း၊ စက္ကူပြုလုပ်ခြင်း၊ ဒုတိယမျိုးဆက်တိုင် (ရှမ်း)အဆောက်အဦးပြသခြင်း၊ ချည်ထိုးခြင်း၊ ချည်ငင်ခြင်း၊ ကြွေထည်မြေအိုးဖုတ်ခြင်းစသည့် တိုင်(ရှမ်း)တိုင်းရင်းသား ရိုးရာလက်မှုအနုပညာ အဆင့်ဆင့်လုပ်ဆောင်မှုများ၊ လက်မှုလက်ရာ ပစ္စည်းများခင်းကျင်းပြသခြင်းနှင့်ရောင်းချခြင်းများကို လုပ်ဆောင်စေသည်။ ရရှိသောဝင်ငွေအားလုံးကို ကျေးရွာရွာသူရွာသားများ၏ဝင်ငွေအဖြစ်ပေးအပ်သည်။ ယမန်နှစ်က မိုင်းကျင်လှသို့လာရောက်လည်ပတ်ခဲ့သော ခရီးသွားဧည့်သည်အရေအတွက်မှာ(၅.၂)သိန်းကျော်သို့ ရောက်ရှိခဲ့ပြီဖြစ်ကာ ရွာသူရွာသားများ၏ နှစ်စဉ်ဝင်ငွေသည်လည်း တရုတ်ယွမ်ငွေ(၂၅၇၉၀)သို့ ရောက်ရှိသွားပြီဖြစ်သည်။

သတင်းထောက် တိုင်ကျိန်ဟွာ

"ယဉ်ကျေးမှု"

# လှပေါ်အာရှင်က နာရှီတေးဂီတများကိုအများ သိကျွမ်းလာအောင်ဖြန့်ဝေပေးသူဖြစ်သည်

၂၀၁၇ ခုနှစ်နှစ်ဆုံးပိုင်းအချိန်တွင် 《လိကျမ်းတွင်သီဆိုခြင်း--လှပေါ်အာရှင်တေးဂီတဖျော်ဖြေပွဲ》 တွင် နာရှီတိုင်းရင်းသားတေးဂီတယဉ်ကျေးမှု အမွေဆက်ခံသူ လှပေါ်အာရှင်သည် လိကျမ်းပရိတ်သတ်များရှေ့မှောက်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

တေးဂီတဖျော်ဖြေပွဲတွင် လှပေါ်အာရှင်ကထိုကဲ့သို့ပြောသည်။ "တေးဂီတသည်နိုင်ငံနယ်နိမိတ် အပိုင်းအခြားမရှိပေ။ တေးသီချင်းများသည် ဖလှယ်ရန်လိုအပ်သည်။ မိမိသည် နာရှီတေးဂီတဖြင့်အပြင်သို့ထွက်ပြီး ပျံ့ပွားအောင်လုပ်ဆောင်လိုပါသည်။"

၁၉၉၂ ခုနှစ်တွင်လိကျမ်းဒေသပထမကြိမ်မြောက် လူငယ်သီချင်းပြိုင်ပွဲတွင် လှပေါ်အာရှင်သည် "Yak tune"ကို သီဆိုခဲ့သည်။ သူ၏တမူထူးခြားသောသီချင်းသံနှင့် သံစဉ်ပြည့်စုံသောသီဆိုမှုသည် ပွဲကြည့်ပရိသတ်နှင့် အကဲဖြတ်သူကြီးများကိုအပြတ်ဆွဲဆောင်နိုင်ခဲ့ပြီး "ရွှေတံဆိပ်ဆု" ရရှိခဲ့သည်။ နောက်ပိုင်းအချိန်တွင် လှပေါ်အာရှင်သည်လိကျမ်းမြို့ယုလုံခရိုင်တိုင်းရင်းသားဆိုကအဖွဲ့ထဲသို့ တစ်ကိုယ်တော်အဆိုတော်အဖြစ်ပါဝင်ခွင့်ကို အောင်မြင်စွာရရှိခဲ့ပြီး စနစ်ကျသောသီချင်းသံလေ့ကျင့်ခြင်းကို ခံယူခဲ့သည်။

ထို့နောက်နှစ်အချိန်ကာလကြာရှည်စွာလှပေါ်အာရှင်သည် တရုတ်နိုင်ငံအတွင်း မျိုးစုံသောတေးဂီတပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုနှင့် ငွေတံဆိပ်ဆုများစွာဆွတ်ခူးရရှိခဲ့သည်။ ၂၀၁၀ ခုနှစ် (၁၄) ကြိမ်မြောက် CCTVလူငယ်အဆိုတော်တီဗွီပြိုင်ပွဲ တစ်ကိုယ်တော်သီဆိုမှုဗိုလ်လုပွဲတွင် သဘာဝဟန်-ထူးချွန်ဆုကို ရရှိခဲ့သည်။ ၂၀၁၆ခုနှစ်တွင် 《တရုတ်ရိုးရာသီချင်းပြိုင်ပွဲ》၏ တတိယကြိမ်ပြိုင်ပွဲတွင် "ချန်ပီယံအဆိုတော်ဆု" ရရှိခဲ့သည်။

ယခုလက်ရှိတွင် လှပေါ်အာရှင်သည် ပြည်သူ့အကြားအသိုင်းအဝိုင်းတွင် သာနေထိုင်ပြီး အမွေ ဆက်ခံခြင်းလုပ်ငန်းကိုသာ အားစိုက်ဆောင်ရွက်လျက်ရှိကာ နာရှီတိုင်းရင်းသားရိုးရာ တေးဂီတယဉ်ကျေးမှုများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လျက်ရှိနေပါသည်။ "ကျွန်တော်သည် တေးဂီတများကို ကြိုက်နှစ်သက်သည်။ ကျွန်တော်တို့တိုင်းရင်းသားများကိုလည်းချစ်ခင်သည်။ နာရှီတိုင်းရင်းသားသည် နှစ်ပေါင်းရှည်ကြာသော ယဉ်ကျေးမှုအမွေအနှစ်များရှိနေပါသည်။ ကျွန်တော်သည် နာရှီယဉ်ကျေးမှုအမွေအနှစ် အမွေဆက်ခံသူတစ်ဦးအနေနှင့် ကျွန်တော်၏တီထွင်ဖန်တီးမှုနှင့်ပြသမှုမှတစ်ဆင့် နာစီတေးဂီတများကို လူအများသိကျွမ်းသွားအောင် ဆောင်ရွက်လိုပါသည်။"ဟု လှပေါ်အာရှင်ကယုံကြည်မှုအပြည့်ဖြင့် ပြောကြားပါသည်။

သတင်းထောက် ဟော်ချယ်

# ထိုင်ဝမ်တွင် "ရောင်စုံခြယ် ယူနန်တိုင်းရင်းသားစတိုင်လ်" ခေတ်စားနေသည်





သတင်းထောက်သည်လွန်ခဲ့သောရက်ပိုင်းအချိန်ကာလတွင်ယူနန်ပြည်နယ်ထိုင်ဝမ်ရေးရာရုံးခန်းမှ ရရှိသောသတင်းအရ "ရောင်စုံခြယ်ယူနန်ထိုင်ဝမ်တွင်စုံစည်းကြ" ယဉ်ကျေးမှုအထိမ်းအမှတ်လှုပ်ရှားမှုစတင်ကျင်းပကတည်းက တင်ဆက်ကပြသောအစီအစဉ်များသည် ထိုင်ဝမ်ပရိသတ်များအတွက် ယူနန်စတိုင်လ်ရိုးရာယဉ်ကျေးမှုများကိုတင်ဆက်ပေးနိုင်ခဲ့ကြောင်းသိရှိရပါသည်။ ယခုအချိန်အထိ ယဉ်ကျေးမှုအထိမ်းအမှတ်လ လှုပ်ရှားမှုသို့ တစ်ရက်လျှင် ပရိသတ်(၁)သိန်းခန့် ပါဝင်ဆင်နွှဲကြ ကြောင်းသိရပါသည်။

အဆိုပါတင်ဆက်ကပြမှုသည် "ယဉ်ကျေးသောယူနန်၊ ငြိမ်းချမ်းသောယူနန်၊ ကြိုးစားသောယူနန်၊ ပျော်ရွှင်သောယူနန်" ခေါင်းစဉ်ဖြင့် တင်ဆက်ခြင်းဖြစ်သည်။ ကပြတင်ဆက်မှုတွင် သွက်လက်ပေါ့ပါးသောယောင်တိုင်းရင်းသားအက 《ပန်းသီချင်း》၊စိတ်အားထက်သန်သောဝတိုင်းရင်းသားအက 《တိမ်စိုင်တိမ်ရိပ်ထဲကအာဝါလူမျိုး》 စသည့် တိုင်းရင်းသားအကများနှင့် 《လိပ်ပြာများပျံသန်း》၊ 《ရောင်စုံခြယ်ယူနန်》 စသည့်သီချင်းများကိုတင်ဆက်ထားသည်။ နေ့စဉ်နေ့တိုင်းပွဲကြည့်ပရိသတ်ပေါင်း သောင်းချီလာရောက်ကြည့်ရှုသည်ကို ဆွဲဆောင်သည်။ အဆိုပါကပွဲ၏ အဆွဲဆောင်ဆုံးသောအစီအစဉ်သည် "မီးသီးထောင်ချီ–3Dမင်္ဂလာဆုတောင်းအစီအစဉ်နှင့် မီးပြပွဲ"ပင်ဖြစ်သည်။ ၎င်းသည်ဒေါင်းအကနှင့် 3Dမီးသီးများကို ပေါင်းစပ်ထားသော မျက်စိအားဆေးပင်ဖြစ်နေသည်။

ယခုအကြိမ် တင်ဆက်ပြသခြင်းအစီအစဉ်သည် မတ်လ(၂)ရက်နေ့အထိ ဆက်လက်တင်ဆက်ခြင်းဖြစ်သည်။ ထို့အတူ တိုင်းရင်းသားရိုးရာဝတ်စုံများနှင့် ဒြပ်မဲ့အမွေအနှစ်များကိုလည်း ပြသခြင်းဖြစ်သည်။ ယူနန်လက်ဖက်မိတ်ဆက်ပွဲများ စသည့်အစီအစဉ်များကိုလည်း ထိုင်ဝမ်ဒေသခံအများစုက ကြိုက်နှစ်သက်ကြသည်။

သတင်းထောက် ဟန်ချိန်ယွမ်